# စာရင်းစစ်( ယခင်အခေါ်အဝေါ် )၊ စာရင်းစစ်( ၃ )( ယခုအခေါ်အဝေါ် )များ သိရှိစေရန်

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးအသီးသီးတွင် စာရင်းစစ် (ယခင်အခေါ်အဝေါ်)၊ စာရင်းစစ် - ၃ ( ယခုအခေါ်အဝေါ် ) လစာနှုန်း ကျပ် ( ၉၃၀၀၀ - ၁၀၀၀ - ၉၈၀၀၀ ) လစ်လပ်ရာထူးနေရာများအတွက် ၂၂ . ၉ . ၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်း သတင်းစာနှင့် ကြေးမုံသတင်းစာများတွင် လျှောက်လွှာခေါ်ယူခဲ့ပါသည်။ထိုသို့ ခေါ်ယူခြင်းအပေါ် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ပညာရှင်အဆင့်(၂) လစာနှုန်းကျပ် (၉၃၀၀၀-၁၀၀၀ - ၉၈၀၀၀ ) ဖြင့် ခေါ်ယူရန် လမ်းညွှန်ချက်အရ ၂ . ၁၀ . ၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများတွင် ပြင်ဆင်ခေါ်ယူခဲ့ပါသည်။

၂။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၆ . ၃ . ၂၀၁၄ ရက်စွဲပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ စာမျက်နှာ ၁၆၇ ဇယား(၁) ရာထူးသက် သတ်မှတ်ချက်များ အပိုဒ်( ၃ )အမှတ်စဉ် (၂)တွင် ပညာရှင်အဆင့် (၂) လစာနှုန်းမှာကျပ် ( ၇၃၀၀၀ - ၁၀၀၀ - ၇၈၀၀၀ )ဖြစ်၍ ၁ . ၄ . ၂၀၁၄ နေ့မှစ၍ လစာနှုန်းကျပ် ၂၀၀၀၀ တိုးမြှင့်လာခြင်းကြောင့် ပညာရှင်အဆင့် (၂)လစာနှုန်းမှာကျပ် ( ၉၃၀၀၀ - ၁၀၀၀ - ၉၈၀၀၀ )ဖြစ်ပါသည်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၁၉ . ၃ . ၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်( ၂၃ / ၂၀၁၅ )အရ အရာထမ်း ၊ အမှုထမ်းများ၏ ရာထူးအခေါ်အဝေါ်များ ပြင်ဆင်သတ်မှတ်ခဲ့ရာ လစာနှုန်းကျပ် ( ၉၃၀၀၀ - ၁၀၀၀- ၉၈၀၀၀ )စာရင်းစစ်(၃)မှာ ဤရုံး၏ စာရင်းစစ်နှင့် လစာနှုန်းတူ ရာထူးဖြစ်သဖြင့် ဤရုံးရှိစာရင်းစစ်များ၏ ရာထူးအခေါ်အဝေါ်မှာ ယခုအခေါ်အဝေါ်အဖြစ် စာရင်းစစ် (၃) ဖြစ်ပါသည်။

နေ့စွဲ ၊ ၂၀၁၅ ခုနှစ် ၊ ဧပြီ လ ( ၈ ) ရက်

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး